# ပညာရေးအသက်အာမခံပေါ်လစီ

## အခွင့်အရေးနှင့်စည်းကမ်းချက်များ

၁။ **ပညာရေးအသက်အာမခံအကျိုးခံစားခွင့်များ**

ပညာရေးအသက်အာမခံ (Education Life Insurance) ထားရှိသူ တစ်ဦးအနေဖြင့် နှစ်ထပ်ကွမ်း အကျိုးခံစားခွင့်ပုံစံ (Double Benefit Plan) အမျိုးအစားကို ဝယ်ယူထားရှိသူသည် အမှတ်စဉ် (က) မှ (ဃ)အထိ အကျိုးခံစားခွင့်ရှိမည်ဖြစ်၍ အခြေခံ အကျိုးခံစားခွင့်ပုံစံ (Basic Benefit Plan ) အမျိုးအစား ဝယ်ယူထားရှိသူအတွက် အမှတ်စဉ် (ဂ) နှင့် (ဃ) အကျိုးခံစားခွင့်များကိုသာ ရရှိမည်ဖြစ်ပါသည်။ ၎င်းအကျိုးခံစားခွင့်များကို အောက်တွင် ဖော်ပြထားပါသည်။

(က) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)

(ခ) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့် (Total Permanent Disability Benefit)

(ဂ) ပရီမီယံကင်းလွတ်ခွင့် (Premium Waiver)

(ဃ) ပညာရေးအကျိုးခံစားခွင့်(Education Benefit)

**(က) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)**

(၁) အာမခံသက်တမ်းအတွင်း ပညာရေးအာမခံ နှစ်ထပ်ကွမ်း အကျိုးခံစားခွင့်ပုံစံ (Double Benefit Plan ) အမျိုးအစားကို ဝယ်ယူထားသော အာမခံထားသူ သေဆုံးပါက အာမခံထားငွေကို အကျိုးခံစားခွင့်ရှိသူအား ထုတ်ပေးပါမည်။

(၂) အကျိုးခံစားခွင့်လွှဲအပ်ခံရသူသည် အသက်(၁၈)နှစ် မပြည့်သေးသူဖြစ်လျှင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ (၁၂) (စ) နှင့်အညီ မိဘအရင်း (သို့ ) တရားဝင်မွေးစားမိဘ (သို့) တရားဝင်အုပ်ထိန်းသူကိုသာ ထုတ်ပေးပါမည်။

(၃) အာမခံထားရှိသူ သေဆုံးချိန်တွင် အကျိုးခံစားခွင့်လွှဲအပ်ခံရသူက သေဆုံးပြီးဖြစ်ကာ အကျိုးခံစားခွင့်ထပ်မံလွှဲပြောင်းထားခြင်းမရှိလျှင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ (၁၂) (ဆ) နှင့်အညီ အောက်ပါအစီအစဉ်အတိုင်း ထုတ်ပေးပါမည်။

-ခင်ပွန်း/ဇနီး

-သားသမီး

-မြေး

-ညီအကို၊မောင်နှမ

-မိဘ

**(ခ) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်(Total Permanent Disability Benefit)**

(၁) ပညာရေးအာမခံ နှစ်ထပ်ကွမ်း အကျိုးခံစားခွင့်ပုံစံ (Double Benefit Plan) အမျိုးအစားကို ဝယ်ယူထားသော အာမခံထားသူသည် ပေါ်လစီတည်မြဲနေစဉ်အတွင်း ရုတ်တရက် ထိခိုက်ခြင်းကြောင့် လည်းကောင်း၊ ရောဂါကြောင့်လည်းကောင်း ထာဝစဉ် မသန်စွမ်းဖြစ်၍ ဝင်ငွေရရှိသော အလုပ်အကိုင်ကို လုံးဝမလုပ်ကိုင်နိုင်လျှင် အာမခံထားငွေကို တလုံးတည်းထုတ်ပေးပါမည်။

(၂) ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းဆိုသည်မှာအောက်တွင်ဖော်ပြထားသည့်နမူနာ ဖြစ်ရပ်မျိုးကို ဆိုလိုပါသည်။

(က) မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း။

(ခ) လက်ကောက်ဝတ်အထက်ပိုင်းမှလက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍ မရခြင်း။

(ဂ) ခြေကျင်းဝတ်အထက်ပိုင်းမှခြေထောက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍ မရခြင်း။

(ဃ) မျက်စိတစ်ဖက်လုံးဝကွယ်ခြင်း နှင့် လက်ကောက်ဝတ် အထက်ပိုင်း လက်တစ်ဖက် ပြတ်ခြင်း/ အသုံးပြု၍မရခြင်း၊ ခြေကျင်းဝတ် အထက်ပိုင်း ခြေတစ်ဖက် ပြတ်ခြင်း / လုံးဝအသုံးပြု၍မရခြင်း။

**(ဂ) ပရီမီယံကင်းလွတ်ခွင့်(Premium Waiver Benefit)**

(၁) အာမခံထားသူသည် ပေါ်လစီတည်မြဲနေစဉ်အတွင်း သေဆုံးခဲ့လျှင်သော်လည်းကောင်း၊ ထာဝစဉ်မသန်စွမ်းခဲ့လျှင်သော်လည်းကောင်း ထိုထိခိုက်ဆုံးရှုံးမှု ဖြစ်ပွားပြီးနောက်ပိုင်း ပရီမီယံကြေးပေးသွင်းရမည့်ရက်ရောက်သည့်နေ့မှစ၍ ပရီမီယံပေးသွင်းသည့်ကာလ ပြီးဆုံးချိန်အထိ အာမခံကုမ္ပဏီသို့ ပေးသွင်းရန် ကျန်ရှိသော ပရီမီယံများအားလုံးကို ဆက်လက်ပေးသွင်းရန် မလိုတော့ပဲ ကင်းလွတ်ခွင့်ရှိပါသည်။ အာမခံကုမ္ပဏီမှ ပရီမီယံကြေးများ ကင်းလွတ်ခွင့်ပေးထားသည့် ကာလအတွင်း ပေါ်လစီသည် ဆက်လက်တည်မြဲနေမည်ဖြစ်ပြီး သတ်မှတ်ထားသော သက်တမ်း ရောက်သည့်အခါ ပညာရေးအကျိုးခံစားခွင့်ကို ရရှိမည်ဖြစ်ပါသည်။

**(ဃ) ပညာရေးအာမခံအကျိုးခံစားခွင့် (Education Benefit)**

၁။ ဤပညာရေးအာမခံ ပေါ်လစီသည် ပရီမီယံပေးသွင်းရသည့် သက်တမ်း ပြီးဆုံးသွားသော်လည်း ဆက်လက်တည်မြဲနေမည်ဖြစ်ပြီး ပရီမီယံပေးသွင်းရသည့် သက်တမ်း ပြီးဆုံးချိန်မှစ၍ အာမခံသက်တမ်းစေ့ရက် ရောက်သည့်နေ့ အပါအဝင် တစ်နှစ်ပြည့်သည့်နေ့သို့ ရောက်တိုင်း အာမခံကုမ္ပဏီမှ ပညာရေးအကျိုးခံစားခွင့်အဖြစ် အာမခံထားငွေ၏ ၂၀% စီကို ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ (အာမခံသက်တမ်းပြည့်သည့်အခါ ထုတ်ပေးခဲ့သော ပညာရေးအာမခံ စုစုပေါင်းသည် အာမခံထားငွေနှင့် ညီမျှနေမည် ဖြစ်ပါသည်။

၂။ ထိုပညာရေးအာမခံ အကျိုးခံစားခွင့်သည် သေဆုံးမှုအကျိုးခံစားခွင့်၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း အကျိုးခံစားခွင့်တို့နှင့် သက်ဆိုင်ခြင်းမရှိပဲ အာမခံကုမ္ပဏီမှ ပေးရန်ရှိသည့် အကျိုးခံစားခွင့်မျိုးဖြစ်ပါသည်။

**၂။ ပညာရေးအသက်အာမခံပေါ်လစီမှရရှိနိုင်သည့်အခြားခံစားခွင့်**

ပေါ်လစီရှင်သည် ပညာရေးအသက်အာမခံပေါ်လစီမှ အောက်ဖော်ပြပါ ခံစားခွင့်ကိုလည်း ရရှိခံစားနိုင်ပါသည်။

(က) ပေါ်လစီရှင်မှ ပေါ်လစီကိုစာရင်းပိတ်နိုင်ခြင်း (Paid–up Policy)

(ခ) ပေါ်လစီရှင်မှ အမ်းငွေထုတ်ယူနိုင်ခြင်း (Surrender Value)

(ဂ) ပညာရေးအသက်အာမခံပေါ်လစီမှ ငွေချေးယူနိုင်ခြင်း (Policy Loan)

**၃။ အကျိုးခံစားခွင့်မရရှိနိုင်သည့်ကိစ္စများ**

(၁) အာမခံထားသူသည် အောက်ဖော်ပြပါအကြောင်းကိစ္စများကြောင့် သေဆုံးခဲ့လျှင် 'သေဆုံးမှုအကျိုးခံစားခွင့်' (Death Benefit) အား ရခွင့်မရှိပါ။ အမ်းငွေတန်ဖိုးပမာဏကိုသာ ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကိုသတ်သေခြင်း။

(ခ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း သေဆုံးခြင်း။

(၂) အာမခံထားသူတစ်ဦးသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ခဲ့လျှင် 'ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်မှုအကျိုးခံစားခွင့် (Permanent Total Disability Benefit )'အား ရခွင့်မရှိပါ။ အမ်းငွေတန်ဖိုးပမာဏကိုသာ ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။

(က) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင် လုပ်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(ခ) မိမိကိုယ်ကိုသတ်သေခြင်းကြောင့် မသေဘဲ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(ဂ) မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(ဃ) ဘေးအန္တရာယ်ဖြစ်စေသောဆေးကိုမှီဝဲခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(င) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(စ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။